ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

# ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် ကောင်တာဈေးကွက်တို့၏ ဒါရိုက်တာ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ခန့်အပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၇၁ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းများကို စီမံခန့်ခွဲရန်နှင့် ကောင်တာဈေးကွက်တို့၏လုပ်ငန်းများကို စီမံခန့်ခွဲရန် ဒါရိုက်တာ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးရာတွင် သင့်လျော်မှန်ကန်မှုရှိစေရန်နှင့် အပြည့်အဝ တာဝန်ရှိစေရန် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ၏ နည်းဥပဒေ ၅၀ ပါ အချက်များနှင့် ညီညွတ်ရမည့်အပြင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ် ဆောင်ရွက်ရမည်-

(က) ငွေကြေးခိုင်မာတောင့်တင်းမှုရှိခြင်း၊

(ခ) ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နာမည်ကောင်းရှိခြင်း၊

(ဂ) လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်း ပြည့်မီခြင်း၊

(ဃ) တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း။

၂။ ငွေကြေးခိုင်မာတောင့်တင်းမှုရှိခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားရမည်-

(က) လူမွဲအဖြစ်ခံယူရန် အခြေအနေ ရှိ မရှိ၊

(ခ) ပြည်တွင်းပြည်ပတွင် တရားရုံးက ကြွေးမြီပေးဆပ်ရန် စီရင်ချက်ချမှတ်ခံရခြင်း ရှိ မရှိ၊

(ဂ) ပြည်တွင်းပြည်ပတွင် ငွေကြေးပေးဆပ်ရန်အချိန်စေ့ရောက်သည့်ခါ ပြန်လည်ပေးဆပ်မှု ရှိ မရှိနှင့် ပြန်လည်ပေးဆပ်နိုင်စွမ်း ရှိ မရှိ။

၃။ ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် နာမည်ကောင်းရှိခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်–

(က) ပြည်တွင်းပြည်ပတွင် မသမာသော၊ လိမ်လည်လှည့်ဖြားသော၊ အနိုင်အထက်ပြုရာ ရောက်သော၊ မမှန်မကန်သော၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျင့်ဝတ်ကို ထိခိုက်စေသော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုတွင် ပါဝင်ပတ်သက်ခြင်း၊

(ခ) ပြည်တွင်းပြည်ပတွင် တရားစွဲဆိုခံရနိုင်သော အခြေအနေသို့ ရောက်ရှိနိုင်သည့် စည်းကမ်းပိုင်းဆိုင်ရာဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ် ခံရဖွယ်ရှိခြင်း သို့မဟုတ် တရားစွဲဆိုခံရဖွယ်ရှိခြင်း သို့မဟုတ် တရားရင်ဆိုင်နေရခြင်း၊

(ဂ) ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ဖွဲ့စည်းထားသော ကြီးကြပ် ကွပ်ကဲရေး အဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက ချမှတ်ထားသော ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် စည်းကမ်းသတ်မှတ် ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများကို ချိုးဖောက်ခြင်း၊

(ဃ) တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်က ထိန်းချုပ်ထားသည့် အကျိုးစီးပွားရှိသော သို့မဟုတ် သိသာထင်ရှားသည့် လွှမ်းမိုးမှုပြုနိုင်သော စီးပွားရေးလုပ်ငန်းသည် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ဖွဲ့စည်းထားသော ကြီးကြပ်ကွပ်ကဲရေး အဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်း၊ တရားရုံး သို့မဟုတ် အနုညာတခုံရုံးတွင် ဥပဒေအရ စစ်ဆေးစီရင် အရေးယူအပြစ်ပေး ခံရခြင်း၊

(င) ယခင်က ပြည်တွင်းပြည်ပတွင် ရိုးသားဖြောင့်မတ်မှုနှင့် ဂုဏ်သိက္ခာအပေါ် ယုံကြည်မှု ရှိ၍အလုပ်ခန့်ထားခံရခြင်းမှသံသယဖြစ်ဖွယ်ရှိမှုကြောင့် ထုတ်ပယ်ခံရခြင်း သို့မဟုတ် အလုပ်မှ နှုတ်ထွက်ရခြင်း၊

(စ) ပြည်တွင်းပြည်ပရှိသက်ဆိုင်ရာ အစိုးရဌာနများမှ ဖွဲ့စည်းထားသော ကြီးကြပ်ကွပ်ကဲ ရေးအဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်းက ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုခုလုပ်ဆောင် နိုင်ရန် လိုင်စင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ပေးခြင်း၊ အဖွဲ့ဝင်အဖြစ် ခွင့်ပြုခြင်းတို့ရရှိပြီးမှလိုင်စင်ပြင်းပယ်ခံရသော၊မှတ်ပုံတင်ရုပ်သိမ်းခံရသော သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခံရသော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း သို့မဟုတ် အခြား စီးပွားရေး အဖွဲ့အစည်း တစ်ခုခုတို့တွင် တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်က ပိုင်ဆိုင်မှုရှိခြင်း သို့မဟုတ် စီမံခန့်ခွဲနိုင်သည့် အခြေအနေတွင် ရှိခြင်း၊

(ဆ) ပြည်တွင်းပြည်ပတွင် စီးပွားရေးလုပ်ငန်းတစ်ရပ်နှင့် ဆက်စပ်မှုရှိခဲ့ရာတွင် အဆိုပါ စီးပွားရေးလုပ်ငန်းသည် ပစ္စည်းထိန်းခန့်အပ်ခံရခြင်း၊ လူမွဲအဖြစ်ခံယူခြင်း သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စသည့် အခြေအနေများ တွင် တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်က စီမံခန့်ခွဲမှုတာဝန်ရှိသည့် ရာထူးတစ်ခု၌ တာဝန် ထမ်းဆောင်ခဲ့ခြင်း၊

(ဇ) ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ဖွဲ့စည်းထားသော ကြီးကြပ်ကွပ်ကဲ ရေးအဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့အစည်းနှင့်ပြင်းထန်သောသဘောထား ဆန့်ကျင်ကွဲလွဲမှုများရှိပြီး ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိသူဖြစ်ခြင်း၊

(ဈ) ပြည်တွင်းပြည်ပတွင် တည်ဆဲဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာ သတ်မှတ်ချက်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သူ ဖြစ်ခြင်း၊

(ည) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအပေါ် ဆိုးကျိုး သက်ရောက်မှုဖြစ်စေနိုင်သည့် သို့မဟုတ် အရေးကြီးသောအကျိုးစီးပွား ပဋိပက္ခ ဖြစ်စေသည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားလုပ်ငန်းများနှင့် ဆက်နွယ်မှုရှိသူဖြစ်ခြင်း၊

(ဋ) ကုမ္ပဏီအတွင်း ထိန်းချုပ်မှုစနစ်များနှင့် ဆုံးရှုံးနိုင်ခြေနှင့် စပ်လျဉ်းသော စီမံခန့်ခွဲမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် ပူးပေါင်း ဆောင်ရွက်မှု မရှိခြင်း။

၄။ လုပ်ငန်းစွမ်းဆောင်နိုင်သည့်အရည်အချင်းပြည့်မီခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်–

(က) တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်သည် ၎င်း၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားအရလည်း ကောင်း၊ ကတိကဝတ်ထားရှိမှုများအရ လည်းကောင်း၊ ထိရောက်စွာ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန် သင့်လျော်သော အရည်အချင်း၊ သင်တန်းကျွမ်းကျင်မှု၊ လက်တွေ့ လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ခြင်း၊

(ခ) ယခင်တာဝန်ထမ်းဆောင်ခဲ့ဘူးသော လုပ်ငန်းတွင် ကျေနပ်ဖွယ်ရှိသော ကျွမ်းကျင် တတ်သိမှုရှိခြင်း၊

(ဂ) တာဝန်ပေးအပ်မည့်ပုဂ္ဂိုလ်၏အရည်အချင်းညံ့ဖျင်းမှုကြောင့် အဖွဲ့အစည်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်စု၏ ကျရှုံးမှုတွင် သိသာထင်ရှားစွာ ပါဝင်နေခြင်း။

၅။ တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းနှင့်စပ်လျဉ်း၍အောက်ပါအချက်များကိုထည့်သွင်းစဉ်းစားရမည်-

(က) အများပြည်သူ၏ ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးမှုများကို ကာကွယ်ရန်အတွက် ပြည်တွင်းပြည်ပမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်၊ စံနှုန်းများကို လိုက်နာဆောင်ရွက်နိုင်ခြင်း၊

(ခ) လုပ်ငန်းနှင့်ဆက်နွယ်ဆောင်ရွက်သည့် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအစိုးရဌာနများမှ ဖွဲ့စည်းထားသော ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်း နှင့်ပတ်သက်၍ မှုတစွာနှင့် ရိုးဖြောင့်စွာ ဆောင်ရွက်နိုင်ခြင်း၊

(ဂ) ပေးအပ်သည့် တာဝန်ဝတ္တရားများကို အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းနှင့် တာဝန်ယူနိုင်စွမ်းရှိခြင်း၊

(ဃ) ရာထူးအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် တာဝန်ယူနိုင်စွမ်းရှိခြင်း။

၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် ကောင်တာဈေးကွက်တို့၏ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များခန့်အပ်ခြင်းမပြုမီ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ ကြိုတင်တင်ပြအတည်ပြုချက်တောင်းခံရမည်။ ယင်းသို့အတည်ပြုချက်တင်ပြတောင်းခံရာတွင် ပူးတွဲပါကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေညာချက်လျှောက်လွှာကို ပြည့်စုံစွာဖြည့်စွက်၍ ပူးတွဲတင်ပြရမည်။

၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ အတည်ပြုချက်ရယူပြီးသော ပုဂ္ဂိုလ်များကိုသာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် ကောင်တာဈေးကွက်တို့၏ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များအဖြစ်ခန့်အပ်ရမည်။

၈။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်က အတည်ပြုပြီးသည့်နောက် အထက်ဖော်ပြပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း စိစစ်တွေ့ရှိပါကအတည်ပြုချက်ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်၍ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် ကောင်တာဈေးကွက်တို့၏ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များအဖြစ်မှ ရုပ်သိမ်းရမည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်/ ၃/ ၂ / ၁ ( ၃၆၇ /၂၀၂၃)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၁ ရက်

ဖြန့်ဝေခြင်း

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

မိတ္တူကို

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး(ဌာနခွဲများအားလုံး)

ရန်ကုန်စတော့အိပ်ချိန်းဖက်စပ်ကုမ္ပဏီလီမိတက်

ရုံးလက်ခံ

မျှောစာတွဲ

ကော်မရှင်၏ ၂၁- ၉ -၂၀၂၃ ရက်စွဲပါညွှန်ကြားချက်အမှတ် (၂/၂၀၂၃) ၏ပူးတွဲပုံစံ

# ကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေညာချက်လျှောက်လွှာ

၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်ကုမ္ပဏီအမည်။

..............................................................................................................

..............................................................................................................

၂။ ခန့်ထားခံရမည့်ရာထူး။

..............................................................................................................

..............................................................................................................

၃။ လျှောက်ထားသူ၏အမည်အပြည့်အစုံ။

..............................................................................................................

..............................................................................................................

၄။ မိသားစုဝင်အမည် (များ) နှင့် မိသားစုအမည် (Family Name )။ (ရှိလျှင်)

..............................................................................................................

..............................................................................................................

၅။ မွေးသက္ကရာဇ်နှင့် မွေးဖွားရာဇာတိ။

..............................................................................................................

..............................................................................................................

၆။ ကျား/မ။

..............................................................................................................

..............................................................................................................

၇။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံကူးလက်မှတ်အမှတ်နှင့် ထုတ်ပေးသည့်နိုင်ငံ- (မိတ္တူမှန်ပူးတွဲတင်ပြရန်)

..............................................................................................................

..............................................................................................................

၈။ (က) နိုင်ငံသား။

..............................................................................................................

(ခ ) လက်ရှိနေထိုင်သည့်နိုင်ငံနှင့် စတင်နေထိုင်သည့် ခုနှစ်။

..............................................................................................................

၉။ (က) လက်ရှိလုပ်ငန်းလိပ်စာ။

………………………………………………………………………………………

………………………………………………………………………………………

(ခ ) လက်ရှိနေထိုင်သည့်လိပ်စာ။

………………………………………………………………………………………

………………………………………………………………………………………

(ဂ ) လွန်ခဲ့သည့် (၁၀) နှစ်အတွင်း နေထိုင်ခဲ့သည့် လိပ်စာ။

(၁) ………………………………………………………………………………

………………………………………………………………………………

(၂) ………………………………………………………………………………

………………………………………………………………………………

၁၀။ တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ။

……………………………………………………………………………………………

……………………………………………………………………………………………

၁၁။ အသက်မွေးဝမ်းကျောင်းနှင့် ပညာရပ်ဆိုင်ရာ အရည်အချင်းများ။

| အကြောင်းအရာ | ရရှိခဲ့သည့်နှစ် |
|---|---|
| | |

(က) အမြင့်ဆုံးပညာရပ်ဆိုင်ရာ အရည်အချင်း။

………………………………………………………………………………………

………………………………………………………………………………………

(ခ) အထူးဆုချီးမြှင့်ခံရမှု သို့မဟုတ် ဂုဏ်ပြုခံရသူ။ (ရှိလျှင်)

………………………………………………………………………………………

………………………………………………………………………………………

(ဂ) တက်ရောက်ခဲ့သည့် သင်တန်းများနှင့် ဆွေးနွေးပွဲများ။

………………………………………………………………………………………

………………………………………………………………………………………

(ဃ) အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများ။

………………………………………………………………………………………

………………………………………………………………………………………

၁၂။ အလုပ်အကိုင် သို့မဟုတ် အလုပ်ခန့်ထားခံရမှု။ (လက်ရှိနှင့်လွန်ခဲ့သော ၁၀ နှစ်အတွင်း)

| လုပ်ငန်းအမည် | လုပ်ငန်းရှင်အမည် | လုပ်ငန်းတည်နေရာ | ထမ်းဆောင်ခဲ့သည့် ရာထူး | စတင်ထမ်းဆောင်သည့် ခုနှစ် |
|---|---|---|---|---|
| | | | | |

၁၃။ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်အဖြစ် လက်ရှိနှင့် လွန်ခဲ့သော ၁၀ နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလ။

…………………………………………………………………………………………………

…………………………………………………………………………………………………

၁၄။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ အလုပ်မှ ထုတ်ပယ်ခံရခြင်း သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာ ချိုးဖောက်မှုကြောင့် တရားစွဲဆိုခံရခြင်း သို့မဟုတ် အလုပ်အကိုင်တစ်ခုခုသို့ ဝင်ရောက်လုပ်ကိုင်ခြင်းမှ တားဆီးခံရခြင်း ရှိ-မရှိ။ (ရှိပါက အသေးစိတ်အချက်အလက်များ ဖော်ပြရန်)

…………………………………………………………………………………………………

…………………………………………………………………………………………………

၁၅။ ယခင်နှင့် လက်ရှိ ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အဆိုပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက် တို့၏ လုပ်ငန်းသဘောသဘာဝဆက်စပ်မှု ရှိ-မရှိ။ (ရှိပါက အစုရှယ်ယာ သို့မဟုတ် ပိုင်ဆိုင်မှု ရာခိုင်နှုန်းစသည်ဖြင့် အသေးစိတ်အချက်အလက်များ ဖော်ပြရန်)

…………………………………………………………………………………………………

…………………………………………………………………………………………………

၁၆။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်ရန် လျှောက်ထားခဲ့ခြင်း ရှိ-မရှိ၊ လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း ရှိ-မရှိ၊ လျှောက်ထားခြင်းအပေါ် ခွင့်ပြုချက်ရရှိခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်း ရှိ-မရှိ၊ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခံရခြင်း ရှိ-မရှိ။ (ရှိပါက ပြည့်စုံစွာ ဖော်ပြရန်)

…………………………………………………………………………………………………

…………………………………………………………………………………………………

၁၇။ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သော သို့မဟုတ် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းသည် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် လျှောက်ထားခဲ့ခြင်း ရှိ-မရှိ၊ လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း ရှိ-မရှိ၊ လျှောက်ထားခြင်းအပေါ် ခွင့်ပြုချက်ရရှိခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်း ရှိ-မရှိ၊ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရခြင်း ရှိ-မရှိ။ (ရှိပါက ပြည့်စုံစွာ ဖော်ပြရန်)

.......................................................................................................................................

.......................................................................................................................................

၁၈။ ဒါရိုက်တာ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်အဖြစ် ဆက်နွယ်ခဲ့ဖူးသော အလုပ်ရှင် သို့မဟုတ် အဖွဲ့အစည်းသည် ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်း၏ စုံစမ်းစစ်ဆေးမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခံရမှု သို့မဟုတ် ကြွေးမြီ မပေးဆပ်နိုင်၍ ပိတ်သိမ်းရမှု သို့မဟုတ် တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခံရမှု ရှိ-မရှိ။ (ရှိပါကပြည့်စုံစွာဖော်ပြရန်)

.......................................................................................................................................

.......................................................................................................................................

၁၉။ မိသားစုဝင်များ၏ယခင်နှင့် လက်ရှိ ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အဆိုပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်တို့၏ လုပ်ငန်းသဘောသဘာဝ ဆက်စပ်မှု ရှိ-မရှိ။ (ရှိပါက အစုရှယ်ယာ သို့မဟုတ် ပိုင်ဆိုင်မှုရာခိုင်နှုန်း စသည်ဖြင့် အသေးစိတ်အချက်အလက်များ ဖော်ပြရန်)

.......................................................................................................................................

.......................................................................................................................................

| | | **အမည်** | **ဆက်နွယ်မှု** |
|---|---|---|---|
| (က) | ဇနီး/ခင်ပွန်း | | |
| (ခ ) | သားသမီးများ | | |
| (ဂ ) | မိဘများ | | |
| (ဃ) | ညီအစ်ကိုမောင်နှမများ | | |

၂၀။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးက ကြွေးမြီပေးဆပ်စေရန် စီရင်ချက်ချမှတ်ခံရခြင်း ရှိ-မရှိနှင့် ပေးဆပ်ရန် ပျက်ကွက်မှု ရှိ-မရှိ၊ လူမွဲအဖြစ်ခံယူရန် တရားစွဲဆိုခံရခြင်း ရှိ-မရှိ။ (ရှိပါက ပြည့်စုံစွာဖော်ပြရန်)

........................................................................................................................

........................................................................................................................

၂၁။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဆက်နွယ်မှုရှိခဲ့သည့် အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များအား လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ဥပဒေနှင့်မညီသည့် ပြုလုပ်ခြင်းများကြောင့် နစ်နာမှုအတွက် ပေးရန်တာဝန်နှင့် စပ်လျဉ်း၍ တရားရုံး၏ တရားမကြောင်းအရ ဆုံးဖြတ်ချက်ချမှတ်ခံရခြင်း ရှိ-မရှိ။ (ရှိပါက ပြည့်စုံစွာဖော်ပြရန်)

........................................................................................................................

........................................................................................................................

၂၂။ တာဝန်များကိုထမ်းဆောင်ရာတွင် ယင်းလုပ်ငန်းတာဝန်နှင့် ဆက်စပ်မှုမရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခဲ့ခြင်း ရှိ-မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်)

........................................................................................................................

........................................................................................................................

၂၃၊ အဆိုပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာစျေးကွက်တို့နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီးပွားရေးလုပ်ကိုင်ခြင်းရှိ-မရှိ။ (ရှိပါကပြည့်စုံစွာဖော်ပြရန်)

........................................................................................................................

........................................................................................................................

၂၄။ အဆိုပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာစျေးကွက်တို့တွင် မိမိအမည်ဖြင့် သို့မဟုတ် ဆက်နွယ်သူများ၏ အမည်ဖြင့် အစုရှယ်ယာ ရှိ-မရှိ။ (ရှိပါက မှတ်ပုံတင်ထားသည့် အမည်နှင့် အစုရှယ်ယာအမျိုး အစားကို ဖော်ပြရန်)

........................................................................................................................

........................................................................................................................

၂၅။ အဆိုပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာစျေးကွက်တို့တွင် မိမိ သို့မဟုတ် ဆက်နွယ်သူတစ်ဦးဦးက ယုံကြည်အပ်နှံခံရသူ သို့မဟုတ် ကိုယ်စားပြုသူအဖြစ် အစုရှယ်ယာကို ပိုင်ဆိုင်မှု ရှိ-မရှိ။ (ရှိပါက အသေးစိတ်အချက်အလက်ဖော်ပြရန်)

........................................................................................................................

........................................................................................................................

၂၆။ အဆိုပြုသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်တို့တွင် ပိုင်ဆိုင်သည့် အစုရှယ်ယာကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုထံ ပေါင်နှံထားခြင်း သို့မဟုတ် အာမခံထား၍ ပေါင်နှံခြင်း ရှိ-မရှိ။ (ရှိပါက ပြည့်စုံစွာဖော်ပြရန်)

..........................................................................................................................................

..........................................................................................................................................

၂၇။ **လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြပါသည်-**

(က) ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များဆိုင်ရာ အထောက်အထားနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဖော်ပြချက်၊

(ခ) မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသော နောက်ဆုံးထမ်းဆောင်ထားသည့် အခွန်ဆိုင်ရာတရားဝင်အထောက်အထား သို့မဟုတ် ဝင်ငွေခွန်ကြေညာလွှာ မိတ္တူမှန်၊

(ဂ) မိမိ၏ ဆွေမျိုးသားချင်းမဟုတ်သော ပုဂ္ဂိုလ်ရေးအရ သိကျွမ်းသည့် ပုဂ္ဂိုလ်များထံမှ အကျင့်စာရိတ္တနှင့်စပ်လျဉ်းသည့် ထောက်ခံချက် စာ(၂) စောင်။

(ဃ) လွန်ခဲ့သော ငါးနှစ်အတွင်း မိမိနှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများမှ မိမိ၏ လုပ်ငန်းစွမ်းဆောင်မှု အခြေအနေနှင့်စပ်လျဉ်း၍ တရားဝင်လက်မှတ်ရေးထိုးထားသည့် ထောက်ခံစာများ။

(င) လျှောက်ထားသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း။

ဤလျှောက်လွှာတွင် ဖြည့်သွင်းထားသည့် အချက်အလက်များနှင့် ပူးတွဲတင်ပြသည့် အထောက်အထားများ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

**လက်မှတ်** ......................................

**အမည်** ......................................

**ရက်စွဲ** ......................................